# မတရားစစ်အာဏာလုချိန်မှ အစပြု၍ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျဉ်းသား များ၏ စစ်ကြောရေး၊ တရားစီရင်ရေးနှင့် အကျဉ်းစံ အတွေ့အကြုံများ



Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

info@aappb.org

# မတရားစစ်အာဏာလုချိန်မှ အစပြု၍ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ စစ်ကြောရေး၊ တရားစီရင်ရေးနှင့် အကျဉ်းစံ အတွေ့အကြုံများ

*မာတိကာ*


အချက်အလက်မှတ်တမ်းတင်သည့် နည်းနာ....................၄
ဥပဒေရေးရာ အခြေခံ အကြောင်းရင်းများ....................၄
တရားရုံးကြားနာမှု....................၅
(၊) အာမခံရပိုင်ခွင့်....................၆
(၊၊) ထွက်ဆိုချက်များနှင့် အခြားသော သက်သေခံ အချက်အလက်များ....................၆
အကျိုးဆောင်ရှေ့နေကိုယ်စားပြုပိုင်ခွင့်....................၇
ညှဉ်းပန်းနှိပ်စက်မှုများ၊ လူမဆန်သောပြုမူဆက်ဆံမှုနှင့် ပုံမှန်မဟုတ်သော ပြစ်ဒဏ်ပေးမှုများ....................၈
စစ်ကြောရေး....................၈
ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု....................၁၁
စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု....................၁၃
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း....................၁၅
ကျန်းမာရေးစောင့်ရှောက်မှု....................၁၅
ကိုဗစ်ကာလအခြေအနေ....................၁၅
ဆေးကုသခွင့်....................၁၆
အကျဉ်းထောင်တွင်းအခြေအနေများ....................၁၉
အကျဉ်းထောင်တွင်းသပိတ်များ....................၁၉
အဓမ္မအလုပ်ခိုင်းစေမှု....................၂၁
နိဂုံး....................၂၂

*မည်သူမဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားအားလုံးပါဝင်သည့် နိုင်ငံသားအခွင့်အရေးတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုပ်ရှားဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ပါဝင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်းတို့ကြောင့် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဖမ်းဆီး၊ ထိန်းသိမ်းပြစ်ဒဏ်ချမှတ်ခံရသူများအားလုံးကို နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်သည်။ (ဩဂုတ် ၂၀၁၄)*

## အချက်အလက်မှတ်တမ်းတင်သည့် နည်းနာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ အာဏာလုမှုချိန် စတင်၍ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်း အခြေအနေများကို ဆန်းစစ်မှုများပြုလုပ်နိုင်ရန် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (AAPP) အနေဖြင့် အကျဉ်းသားများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် စစ်ကြောရေး၊ တရားစီရင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အခြေခံအခွင့်အရေးများ ရရှိမှု စသည်တို့နှင့်ပတ်သက်၍ ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများကို တွေ့ဆုံမေးမြန်းခြင်း၊ အခြားသော ထွက်ဆိုချက်များရယူခြင်း၊ လက်လှမ်းမီသမျှ အချက်အလက်များကောက်ယူစုဆောင်းခြင်းများ ပြုလုပ်ခဲ့သည်။ AAPP အနေဖြင့် အကျဉ်းထောင်အခြေအနေ နှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ဆယ်စုနှစ်နှင့်ချီကာ အတွေ့အကြုံများရှိသည့် အားလျော်စွာ မတရားအာဏာလုသည့်နေ့မှစတင်၍ ဖြစ်ပွားခဲ့သည့် အကျဉ်းထောင် အခြေအနေဆိုင်ရာ အချက်အလက်နှင့် သက်သေများကို အထောက်အထားခိုင်လုံစွာဖြင့် ကောက်ယူစုဆောင်းမှုများ ပြုလုပ်လျက်ရှိသည်။

## လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားမျှတခြင်းနှင့် မျှတသောတရားစီရင်မှုအခွင့်အရေး

ဖေဖော်ဝါရီ ၁၊ ၂၀၂၁ မှ မတ် ၂၂၊ ၂၀၂၂ အထိ အကြမ်းဖက်စစ်အုပ်စု၏ မတရားအာဏာလုမှုကို ဆန့်ကျင်ကန့်ကွက်ခြင်းကြောင့် တရားလက်လွတ် ဖမ်းဆီးခံခဲ့ရသူ စုစုပေါင်း (၁၂၈၇၅) ဦး ရှိခဲ့သည်။ ထိုကဲ့သို့သော ဖမ်းဆီးမှုများတွင် အလိုရှိသူကို ဖမ်းဆီးနိုင်ခြင်းမရှိသဖြင့် လသားအရွယ်ကလေးငယ်များ အပါအဝင် မိသားစုဝင်များကို ဓားစာခံအဖြစ် ဖမ်းဆီးမှုများလည်း ပါဝင်သည်။

### ဥပဒေရေးရာ အခြေခံ အကြောင်းရင်းများ

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၁၀ ၌ "အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ပြစ်မှုကြောင့် တရားစွဲဆို စီရင်ဆုံးဖြတ်ခံရာတွင် လည်းကောင်း၊ လူတိုင်းသည်လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးတော်၏ လူအများရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်းကို တူညီစွာခံစားပိုင်ခွင့်ရှိသည်" ဟူ၍ နိုင်ငံတကာဓလေ့ထုံးတမ်း ဥပဒေအရ တရားမျှတသော တရားစီရင်ပိုင်ခွင့်ကို အကာအကွယ်ပေးထားသည်။ နိုင်ငံရေးအရ ဖမ်းဆီးခံရသူများအနေဖြင့် ဥပဒေရေးရာ အခြေခံရပိုင်ခွင့်များကို စနစ်တကျ မျက်ကွယ်ပြု ချန်လှပ်ထားခြင်း ခံနေရကြောင်းကို AAPP ၏ မှတ်တမ်းပြုချက်များအရ တွေ့ရှိရသည်။ ဥပမာအားဖြင့် ဖမ်းဆီး သည့်အကြောင်းအရာ၊ ဖမ်းဆီးသည့်ပုဒ်မ၊ တရားစွဲဆိုသည့်နေ့ရက်၊ သက်သေအထောက်အထား စသည်တို့အား အသိမပေးခြင်းများ ပါဝင်သည်။ ထို့အပြင် ဖမ်းဆီးခံရသူ အများစုမှာ ဖမ်းဆီးချိန်၌ ဖမ်းဝရမ်းမပါဘဲ တရားလက်လွတ် ဖမ်းဆီးခြင်းခံနေရလျက် ရှိသည်။ တရားလက်လွတ်ဖမ်းဆီးခံနေရသူများကို အဓိကအားဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅၊ ၁၂၁၊ ၁၂၂၊ ၁၂၄ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများ၊ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇ (၁)၊ လက်နက် ဥပဒေ

ပုဒ်မ ၁၉ (က)၊ (စ)၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၈၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၀၂ နှင့် ပေါက်ကွဲစေတတ်သောလက်နက်များအက်ဥပဒေ ပုဒ်မ ၃ အပြင် အမျိုးမျိုးသောပုဒ်မတို့ဖြင့် တရားစွဲဆိုလျက်ရှိသည်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ ကို ယခင်စစ်အစိုးရလက်ထက်တွင် ၎င်းတို့အားဝေဖန်သူများအပေါ် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့ပြီး မတရားအာဏာလုပြီးနောက် ဖေဖော်ဝါရီ ၁၄၊ ၂၀၂၁ ခုနှစ်တွင် အဆိုပါ ပုဒ်မကို "အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် မမှန်သတင်းဖြန့်ဝေခြင်း၊ ပြည်သူ့ဝန်ထမ်းများကို သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ရာဇဝတ်မှုကျူးလွန်ရန် သွေးထိုးလှုံ့ဆော်ခြင်းများကို ပြုလုပ်ပါက တရားစွဲဆိုနိုင်သည့် ပုဒ်မ" အဖြစ် ဥပဒေပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါဥပဒေပြင်ဆင်မှုမှာ ပုဂ္ဂလိကအခွင့်အရေးချိုးဖောက်ခံရမှုများ၊ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းမှုများကို ကျူးလွန်နိုင်စေရန် ဤဥပဒေက တံခါးဖွင့်ပေးလိုက်သည် ဟု Human Rights Watch အဖွဲ့က ဆိုထားသည်။ အလွန်ရှေးကျသည့် ကိုလိုနီခေတ် ရာဇသတ်ကြီးဥပဒေမှာ ပိုမိုကောင်းမွန်သင့်တော်အောင် ပြန်လည်ပြင်ဆင်ရမည့် ဥပဒေတစ်ခု ဖြစ်သော်လည်း မတရားအာဏာလုပြီးနောက် ပြင်ဆင်လိုက်သည့် အချက်မှာ စစ်အုပ်စုအနေဖြင့် ပြည်သူကို ပိုမိုဖိနှိပ်ရန်သာဖြစ်လာခဲ့သည်။

**တရားရုံးကြားနာမှု**

နိုင်ငံရေးအကျဉ်းသားများကို တရားစီရင်မှုများပြုလုပ်နေသည့် လက်ရှိမြန်မာပြည်တွင်းတရားစီရင်ရေးစနစ်မှာ အဓိကအားဖြင့် ထောင်တွင်းသီးသန့်တရားရုံးနှင့် စစ်ခုံရုံးဟူ၍ နှစ်မျိုးရှိနေပြီး လက်ရှိအချိန်တွင် ရန်ကုန်ရှိ မြို့နယ် (၆) ခုနှင့် မန္တလေးရှိ မြို့နယ် (၅) ခုမှာ စစ်အုပ်ချုပ်ရေးကြေညာခံထားရသည်။

ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားအများစုမှာ တရားရုံးကြားနာမှုမတိုင်မီအထိ ၎င်းတို့အနေဖြင့် မည်သည့်ပုဒ်မများဖြင့် တရားစွဲဆိုခံနေရသည်ကို အသိပေးအကြောင်းကြားခြင်း မခံရသလို ထိုနည်းတူစွာ အကျိုးဆောင်ရှေ့နေများအနေဖြင့်လည်း အမှုသည်၏ အမှုကိစ္စဆိုင်ရာအချက်အလက်များနှင့် သတင်း ကြောင်းရာများကို ကြိုတင်မရရှိကြပေ။ အချို့သော အကျဉ်းသားများမှာ တရားခွင်အတွင်း လက်ထိပ်ခတ် ခံရပြီး အခြားသော လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အပြုအမူများကို ချိုးဖောက်ခြင်းခံနေကြရသည်။ အချက်အလက်များအရ အမျိုးသမီးတစ်ဦးမှာ သူမကို စွပ်စွဲထားသောအမှုအား လုံလောက်သည့် ခုခံချေပခွင့်၊ စုံစမ်းစစ်ဆေးကြားနာမှုမရှိဘဲ အွန်လိုင်းဗီဒီယိုစနစ်ဖြင့် ရုံးချိန်း ၄ ကြိမ်သာ ပြုလုပ်ခဲ့ပြီးနောက် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။ ဤသည်မှာ အကြမ်းဖက်စစ်အုပ်စု၏ ပြည်သူလူထုအပေါ် တရားစီရင်ရေးအရ မျှတသော အခွင့်အရေးများကို ခံစားခွင့်မရရှိစေရန် စနစ်တကျပြင်ဆင်ထားသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။

လက်ရှိကာလ တရားရုံးစနစ်နှစ်မျိုးစလုံးမှာ အကြမ်းဖက်စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး တရားမျှတမှုအခွင့်အရေးများမရှိဘဲ တရားလက်လွတ်ဆုံးဖြတ်ချက်များဖြင့် စိတ်ထင်တိုင်းပြစ်ဒဏ်ချမှတ်ခြင်းများရှိနေသည်။ စစ်ခုံရုံးများ၏ တရားစီရင်မှုတွင် ရှေ့နေငှားရမ်းခွင့်၊ အများပြည်သူကြားနာခွင့်လုံးဝမရှိဘဲ

သေဒဏ်ချမှတ်မှုများကို ပြုလုပ်လျက်ရှိရာ မတ်လ (၂၂)၊ ၂၀၂၂ ခုနှစ်အထိ သေဒဏ်ချမှတ်ခြင်းခံထားရသူ (၉၁) ဦးရှိပြီး ထိုအထဲမှ ၃၉ ဦးမှာ မျက်ကွယ်သေဒဏ်ချမှတ်ခံထားရသူများဖြစ်သည်။

### (i) အာမခံရပိုင်ခွင့်

ဖမ်းဆီးခံရသူအများစုမှာ အာမခံမပေးသော ပုဒ်မ ၅၀၅-က ဖြင့်အမှုဖွင့်ခံရပြီး အချို့သော အာမခံပေးနိုင်သည့် ပုဒ်မများဖြင့် တရားစွဲဆိုခံရသူများမှာလည်း အာမခံရပိုင်ခွင့်ကို လျစ်လျူရှုခံနေရသည်။ AAPP ၏ မှတ်တမ်းများအရ အသက် (၇၀)အရွယ် အမျိုးသားတစ်ဦးမှာ အူကျရောဂါအတွက် ဆေးကုသမှုခံယူရန်လိုအပ်သော်လည်း သူ၏အာမခံလျှောက်ထားမှုကို တရားသူကြီးက ငြင်းပယ်ခဲ့သည်။

### (ii) ထွက်ဆိုချက်များနှင့် အခြားသော သက်သေခံ အချက်အလက်များ

အမှုဖြစ်စဉ်တော်တော်များများ၌ တရားရုံးကြားနာမှုများတွင် သက်သေထွက်ဆိုနေကြသော ရဲတပ်ဖွဲ့ဝင်များမှာ မျက်မြင်သက်သေများမဟုတ်ပေ။ ထို့အပြင် စွပ်စွဲခံများအား တရားဥပဒေကြောင်းအရ အရေးယူနိုင်သည့် တိကျသောသက်သေခံချက်များမရှိဘဲ တရားစွဲဆိုခြင်းများလည်းရှိနေသည်။ AAPP မှ ရရှိ ထားသည့် အချက်အလက်များက ဖော်ပြနေသည်မှာ အမှုဖွင့်ရန် လိုအပ်သည့် တစ်ခုတည်းသောအရာမှာ ရဲအရာရှိ၏ ထွက်ဆိုချက်သာ ဖြစ်သည်။ တက်ကြွလှုပ်ရှားသူတစ်ဦး၏ တရားခွင်တွင် ရာဇသတ်ကြီး ပုဒ်မ ၁၈၈ အတွက် တရားလိုမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဖြစ်ပြီး ပုဒ်မ ၅၀၅ အတွက်တရားလိုမှာ ရဲမှူးတစ်ဦးဖြစ်ခဲ့သည်။

တရားခွင်စစ်ဆေးမှု အများစုတွင် တရားလိုများနှင့် တရားလိုပြသက်သေများမှာ သက်သေထွက်ဆိုနေချိန်အတွင်း အမှုနှင့်သက်ဆိုင်သာ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုခွင့်ပြုထားသည်။ သို့သော် မှားယွင်းသောသက်သေခံချက်များသာမကဘဲ အထင်မြင်မှားစေသည့် သတင်းအချက်အလက်များကို လက်ခံလျက်ရှိသည့် အကြမ်းဖက်စစ်အုပ်စု တရားစီရင်ရေးစနစ်၏ သက်သေခံစံနှုန်းသည် မေးခွန်းထုတ်စရာအခြေခံအကြောင်းရင်းများ ဖြစ်နေသည်။

ထိန်းသိမ်းခံနေရသည့် နိုင်ငံရေးအကျဉ်းသူတစ်ဦးက သူမ၏အဖွဲ့မှ သူတစ်ဦးမှာ ဆန္ဒ ထုတ်ဖော်မှုအတွင်း လူမှုကူညီရေးအလုပ်များ လုပ်ဆောင်ခဲ့သော်လည်း ထိုသူကို လုပ်ကြံအထောက် အထားများ အသုံးပြု၍ အာဏာသိမ်းမှုဆန့်ကျင်ရေးခေါင်းဆောင်တစ်ဦးအဖြစ် တရားစွဲဆိုခံခဲ့ရကြောင်း တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားခဲ့သည်။ တရားစွဲဆိုမှုကို ချေဖျက်နိုင်သည့် လုံလောက်သော ခိုင်မာသည့် သက်သေအထောက်အထားများမှာလည်း တရားခွင်အတွင်း ပယ်ချခံနေရသည်ဟု သိရသည်။

ထို့အပြင် ညှဉ်းပန်းနှိပ်စက်ခံထားရသော ရုပ်ပိုင်းဆိုင်ရာသက်သေခံချက်များမှာလည်း စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖြင့် လျစ်လျူရှုခံနေရသည်။ စွပ်စွဲခံများ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဆေးကုသမှုရရှိခံစားပိုင်ခွင့်နှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများမှ စစ်ဆေးမှုများ ပြုလုပ်ရန်ကို ငြင်းပယ်ပိတ်ပင်ခံထားရသည်။ တရားခွင်တစ်ခုတွင် စွပ်စွဲခံ၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်ပတ်သက်၍ စစ်ဆေးမှုများ

ပြုလုပ်ရန် တောင်းဆိုမှုပြုလုပ်ရာ တရားသူကြီးက "ဒီကိစ္စက ငါ့တာဝန်မဟုတ်တာကြောင့် သူတို့မျက်နှာပေါ်က ဒဏ်ရာတွေနဲ့ပတ်သက်ပြီး မှတ်တမ်းယူခွင့်မပြုနိုင်ဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

## အကျိုးဆောင်ရှေ့နေကိုယ်စားပြုပိုင်ခွင့်

မတရား အာဏာလုမှုစတင်ကတည်းက နိုင်ငံရေးအကျဉ်းသားများအတွက် အကျိုးဆောင်ရှေ့နေ ကိုယ်စားပြုခွင့်ရရှိမှုမှာ အများအပြားကန့်သတ်ခံထားရသည်။ ရှေ့နေများမှာ စွပ်စွဲခံများအတွက် လုံလောက်သောကိုယ်စားပြုခွင့်မရှိခြင်း၊ တရားခွင်မတိုင်မီ ရှေ့နေနှင့်အမှုသည်တွေ့ဆုံ၍ အမှုအကြောင်းဆွေးနွေးခွင့်မရခြင်းတို့မှာ လက်ရှိကာလတွင် အများစုဖြစ်ပေါ်နေလျက်ရှိသည်။

နိုင်ငံရေးအကျဉ်းသားများမှာ မည်သည့်နေ့ရက်၊ အချိန်၊ နေရာတို့တွင် ဖမ်းဆီးခံခဲ့ရသည်ကို ရှေ့နေများ အားပြောပြခွင့်မရသကဲ့သို့ ရှေ့နေများအနေဖြင့်လည်း အမှုသည်၏ တရားစွဲဆိုခံထားမှုကို သိရှိရန်အတွက် ရက်သတ္တပတ်များစွာ ကြာလေ့ရှိသည်။ တရားရုံးချိန်းနေ့အထိ ရှေ့နေနှင့်တွေ့ဆုံခွင့်မရသလို ရုံးချိန်းနေ့တွင်ပင် ရှေ့နေနှင့်လွတ်လပ်စွာဆွေးနွေးနိုင်ခြင်းမရှိဘဲ ထောင်အာဏာပိုင်များ၊ ရဲများ၊ အကြမ်းဖက်စစ်အုပ်စု၏ လက်ပါးစေများ၏ စောင့်ကြပ်မှုဖြင့် ဆွေးနွေးရသည့် တွေ့ဆုံချိန်မှာလည်း အချိန် ၅ မိနစ်ဝန်းကျင်မျှသာ ရရှိသည်။ ထိုကဲ့သို့သောအခြေအနေအောက်တွင် ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းသည် စွပ်စွဲခံအတွက်သာမက ရှေ့နေ သို့မဟုတ် အခြားသက်ဆိုင်သူတစ်ဦးဦးအတွက်ပါ အန္တရာယ်ရှိနိုင်သည်။

ပြန်လည်လွတ်မြောက်လာသူအချို့၏ ပြောဆိုချက်များအရ ၎င်းတို့၏ အကျိုးဆောင်ရှေ့နေနှင့် ဆက်သွယ်ပြောဆိုရန်နည်းလမ်းမှာ စာဖြင့်အဆက်အသွယ်ပြုလုပ်ခြင်းသာဖြစ်သည်ဟု ဆိုသည်။ တနင်္သာရီတိုင်း တွင် နိုင်ငံရေးအကျဉ်းသားများအတွက် ရှေ့နေရရှိရန်မှာ ခက်ခဲလှပြီး ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်သူကို လည်း ခြိမ်းခြောက်မှုများပြုလုပ်ကာ အမှုတွင် ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ကို ရုပ်သိမ်းခိုင်းခဲ့သလို စွပ်စွဲခံကိုယ်တိုင်သာ ခုခံကာကွယ်စေရန် ရှေ့နေကိုဖိအားပေးမှုများ ပြုလုပ်ခဲ့သည်။ ရှေ့နေများကို နိုင်ငံရေးအမှုများတွင် ကိုယ်စားလှယ်အဖြစ်လိုက်ပါဆောင်ရွက်ခွင့်ကို ရုပ်သိမ်းရန် ခြိမ်းခြောက် ဖိအားပေးမှုများမှာ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် ရှေ့နေများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅ ဖြင့် ဖမ်းဆီးမည်ဟူ၍ ခြိမ်းခြောက်မှုများကိုလည်း ပြုလုပ်လျက်ရှိသလို နောက်မှလိုက်ပါစောင့်ကြည့်မှုများ၊ အကျဉ်းထောင်အတွင်း ဝင်ရောက်ခွင့်နှင့် စွပ်စွဲခံနှင့်တွေ့ဆုံခွင့်ကို တားမြစ်ပိတ်ပင်မှုများလည်းရှိနေသည်။

အင်းစိန်အကျဉ်းထောင်တွင် ကျောင်းသူတစ်ဦးမှာ သူမသာမက သူမ၏အပေါင်းအသင်းများပါ ရှေ့နေကိုယ်စားပြုမှု မရရှိကြောင်းပြောကြားခဲ့သည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦး၏ အဆိုအရ ရှေ့နေကိုယ်စားပြုခွင့်ရရှိမှုမှာ မိမိအနေဖြင့် မည်သည့်နေရာတွင်အဖမ်းခံရသနည်းဆိုသည့်အပေါ်လည်း မူတည်ကြောင်း လှိုင်မြို့နယ်တွင်အဖမ်းခံရသူတစ်ဦးက ဆိုသည်။ စစ်အုပ်ချုပ်ရေးကြေညာခံထားရသည့် မြို့နယ်များတွင် ဖမ်းဆီးခံရသူများမှာ အကျိုးဆောင်ရှေ့နေငှားရမ်းခွင့်မရပေ။ အကျိုးဆောင်ရှေ့နေ ကိုယ်စားပြုမှု ရသည်

ဖြစ်စေ မရသည်ဖြစ် အကြမ်းဖက်စစ်အုပ်စု၏ တရားစီရင်ရေးစနစ်မှာ ဟန်ပြသက်သက်သာဖြစ်ပြီး ၎င်းတို့ အလိုရှိသလို စိတ်ထင်တိုင်းအမိန့်ချမှတ်နေခြင်းသာဖြစ်သည်။

ရှေ့နေများမှာလည်း အကြမ်းဖက်စစ်အုပ်စု၏ ပစ်မှတ်ထားဖမ်းဆီးခြင်းကို ခံနေရပြီး မတရား စစ်အာဏာလုမှု စတင်ကတည်းက ယနေ့အချိန်ထိ ရှေ့နေ စုစုပေါင်း (၂၈) ဦးဖမ်းဆီးခံခဲ့ရပြီး (၁၉) ဦးမှာ လက်ရှိအချိန်ထိ ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ထိုဖမ်းဆီးခံရှေ့နေအများစုမှာ နိုင်ငံရေးအကျဉ်းသားများအရေးကို လိုက်ပါ ဆောင်ရွက်ပေးနေသူများဖြစ်သည်။ ထိုအထဲမှ အချို့မှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅ဖြင့် တရားစွဲဆိုခံနေရသည်။ အဆိုပါဖြစ်ရပ်များသည် ရှေ့နေများအား နိုင်ငံရေးအကျဉ်းသားများအတွက် ကိုယ်စားလှယ်အဖြစ်လိုက်ပါ ဆောင်ရွက်ခွင့်ကို စွန့်လွှတ်ရန် သွယ်ဝိုက်ဖိအားပေးနေသလို စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုကို တွန်းပို့ နေခြင်း ဖြစ်သည်။

## ညှဉ်းပန်းနှိပ်စက်မှုများ၊ လူမဆန်သောပြုမူဆက်ဆံမှုနှင့် ပုံမှန်မဟုတ်သော ပြစ်ဒဏ်ပေးမှုများ

### စစ်ကြောရေး

အကြမ်းဖက်စစ်အုပ်စုသည်သည် ၂၀၂၁ ခုနှစ် မတရားအာဏာလုရန် ကြိုးပမ်းမှုမတိုင်မီ စစ်အာဏာရှင် အဆက်ဆက်တို့သည် နှိပ်စက်ညှဉ်းပန်းမှုများကို မူဝါဒတစ်ခုအဖြစ် ကျင့်သုံးခဲ့ကြသည်။ အဖွဲ့အစည်းတစ်ခု၏ မူဝါဒတစ်ခု အနေဖြင့် ထိုသို့ နှိပ်စက်ညှဉ်းပန်းနှိပ်စက်မှုများမှာ အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်း များနှင့် တိုင်းရင်းသားဒေသများတွင် စနစ်တကျကျူးလွန်လျက်ရှိနေသည်။ ထောင်နှင့်ချီသော ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူအများအပြား ဖမ်းဆီးခံခဲ့ရသော ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီး အပြီးတွင် အာဏာရှင် များသည် ပြည်သူလူထုကို ထိန်းချုပ်ရန် ထိုကဲ့သို့ ညှဉ်းပန်းနှိပ်စက်သည့် နည်းလမ်းများကို ကျင့်သုံးခဲ့ကြ သည်။ မြန်မာနိုင်ငံတဝှမ်းတွင် ဖြစ်ပေါ်လျက်ရှိသည့် အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ အထောက်အထားများကို AAPP စတင်ဖွဲ့စည်းသည့် မတ်လ ၂၃ ရက်၊ ၂၀၀၀ ခုနှစ်မှစ၍ စဉ်ဆက်မပြတ် ထုတ်ပြန်လျက်ရှိသည်။

ညှဉ်းပန်းနှိပ်စက်ခြင်းကို တားမြစ်ခြင်းသည် နိုင်ငံတကာဥပဒေများတွင် ပြဋ္ဌာန်းထားသည့် မည်သည့် အကြောင်းရင်းနှင့်မျှ ငြင်းပယ်မရနိုင်သော (***Jus Cogen***) စံနှုန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးစာချုပ်များအား အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိ သော်လည်း နိုင်ငံတကာဥပဒေအရ ညှဉ်းပန်းနှိပ်စက်မှုကို မကျူးလွန်ရန် ကန့်သတ်ထားပြီး ညှဉ်းပန်းနှိပ်စက် သည့်လုပ်ရပ်များသည် မှန်ကန်၍တရားမျှတမှုရှိသော လုပ်ရပ်များမဟုတ်ပေ။ ထို့အပြင် မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းတွင် ပါဝင်သည့် ပုဒ်မ ၃၇ တွင် တရားဝင် တားမြစ် ထားသည့် " မည်သည့်ကလေးကိုမျှ ရက်စက်၍ လူ့ဂုဏ်သိက္ခာညှိုးနွမ်းသေးသိမ်သော ပြစ်ဒဏ်မျိုး မပေးရ။ ပြုမူဆက်ဆံခြင်းမျိုးမလုပ်ရ" ဆိုသည့်အချက်အား တရားဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ပြည်တွင်း ဥပဒေ ရာဇသတ်ကြီးပုဒ်မ ၃၃၀ နှင့် ၃၃၁ တို့တွင် စစ်ကြောရေးကိစ္စနှင့်စပ်လျဉ်း၍ တားမြစ်ထားသည်။ *ပုဒ်မ*

*၃၃၀ တွင်* "သတင်းပေးချက်ကို ခြောက်လှန့်၍တောင်းရန်သော်လည်းကောင်း၊ သတင်းကိုပေးအောင် အတင်းအဓမ္မပြုစေရန်သော်လည်းကောင်း မည်သူမဆို နာကျင်စေမှုကိုပြုလျှင် ထိုသူကို ထောင်ခုနှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်နိုင်သည်။ ပုဒ်မ ၃၃၁ တွင် " သတင်းပေးချက်ကို ခြောက်လှန့်၍တောင်းရန်သော် လည်းကောင်း၊ သတင်းကိုပေးအောင် အတင်းအဓမ္မပြုစေရန် သော်လည်းကောင်း မည်သူမဆို အပြင်းအထန် နာကျင်စေမှုပြုလျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။

*မကြာသေးမီက လွတ်မြောက်လာသည့် အကျဉ်းသားများထံမှ စုဆောင်းရရှိသည့် အချက်အလက်များ နှင့်* AAPP *၏ အချက်အလက်များအရ ဖမ်းဆီးခံရသူ အားလုံးနီးပါးသည် ရုပ်ပိုင်း၊ စိတ်ပိုင်းညှဉ်းပန်းနှိပ်စက် ခံခဲ့ရပြီး အနည်းဆုံး လူပေါင်း (၁၀၃) ဦးမှာ အကြမ်းဖက်စစ်အုပ်စု၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် စစ်ကြောရေး တွင် အသက်ဆုံးရှုံးခဲ့ရပြီး ထိုထဲမှ အများစုမှာ ဖမ်းဆီးပြီး ၄၈ နာရီအတွင်း အသက်ဆုံးပါးခဲ့ကြရခြင်းဖြစ်သည်။*

စစ်ကြောသည့်နည်းလမ်းများမှာ ဒူးထောက်ခိုင်းခြင်း၊ မေးထားပြီးသော မေးခွန်းများကို ထပ်တလဲလဲ ပြန်လည်မေးမြန်းခြင်း၊ အဖြေများအား ကျေနပ်မှုမရှိပါက ကိုယ်ထိလက်ရောက် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြင့် အပြစ်ပေး၍နှိပ်စက်ခဲ့ကြသည်။ အချို့မှာ စစ်ကြောရေးတွင် သေနတ်ဖြင့် ချိန်၍ မေးမြန်း ခြင်း သို့မဟုတ် စီးကရက်မီးဖြင့်တို့ခြင်း စသည်တို့ကို ခံခဲ့ရသည်။ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ဖြောင့်ချက် ရယူလိုရန်အလို့ငှာသာ ညှဉ်းပန်းနှိပ်စက်မှုကိုကျူးလွန်ခြင်း မဟုတ်ဘဲ ၎င်းတို့ကို ဆန့်ကျင်မှုအား လက်စားချေ သည့်သဘောဖြင့် ဖမ်းဆီးခံရသူများကို သူတို့၏ မိသားစုဝင်များ ရှေ့မှောက်၌ပင် ရိုက်နှက်နှိပ်စက်မှုများကို ကျူးလွန်လေ့ရှိသည်။ ထို့အပြင် ဖမ်းဆီးခံရသူနှင့်ဆက်စပ်မှုရှိသော အခြားသူများကိုဖော်ထုတ်ဖမ်းဆီးနိုင်ရန် အတွက် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ကြသည်။ အချို့သော နိုင်ငံရေးအကျဉ်းသားများမှာ ညှဉ်းပန်းနှိပ်စက် သောဒဏ်မခံနိုင်၍ ၎င်းတို့ မကျူးလွန်သောပြစ်မှုများကို ဖြောင့်ချက်ပေးဝန်ခံမှုများ ပြုလုပ်ခဲ့ကြရသည်။ ပုဒ်မ ၅၀၅-က နှင့်အမိန့်ချခံခဲ့ရသူတစ်ဦးမှာ CRPH ဆက်စပ်မှုရှိခြင်းနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ကိုယ်တိုင်ပါဝင်ကြောင်းကို အတင်းအကျပ် ဝန်ခံခိုင်းစေခြင်းခံခဲ့ရသည်။ ၎င်းမတိုင်မီ အခြားသော နိုင်ငံရေး အကျဉ်းသားများနည်းတူ CRPH နှင့် ဆက်စပ် သည်ဆိုကာ ပြင်းထန်စွာရိုက်နှက်ခံ၊ အစာရေစာဖြတ်ခြင်း ခံခဲ့ပြီး ၎င်းမှ CDM တွင်ကိုယ်တိုင်ကိုယ်ကျ ပါဝင် ပတ်သက်ပြီး PDF များခြေကုပ်ယူနိုင်မည့်နေရာများ ကူညီ ရှာဖွေပေးခဲ့သည်ဟု ဝန်ခံဖြောင့်ချက်ပေးခဲ့ရသည်။

စစ်တပ်ကို ဝေဖန်သည့်သတင်းရေးသားမှုဖြင့် ပုဒ်မ ၅၀၅ နှင့် တရားစွဲဆို အကျဉ်းချခံခဲ့ရသည့် သတင်းထောက်တစ်ဦးက စစ်ကြောရေးတွင် မည်ကဲ့သို့ ညှဉ်းပန်းနှိပ်စက်စစ်ကြောခံခဲ့ရသည်ကို ယခုကဲ့သို့ ပြောကြားခဲ့သည်။

> "စစ်တပ်ထဲက စစ်ကြောရေးစခန်းထဲကို ရောက်ကတည်းက ဒုဗိုလ်မှူးကြီး မျိုးမင်းထွန်း ဦးဆောင်ပြီး တစ်ညလုံးကျနော့်ကို စစ်ဆေးမေးမြန်းနှိပ်စက်ကြတာ၊ ကျနော့်မျက်လုံးက ယောင်ကိုင်းပြီးတော့ မျက်လုံးကန်းသွားပြီလို့ကိုထင်ခဲ့တာ။ ကျနော့်ကို ဗဟိုကင်းပေါ် တင်ပြီးတော့ ခြေထောက်တွေနဲ့ ပြေးကန်လိုက်၊ ခေါင်းကိုတက်နင်းလိုက်၊ မျက်နှာတွေ လက်တွေကို ဆေးလိပ်မီးနဲ့ထိုးတယ်။ ပြီးတော့

ခေါင်းကို အိတ်စွပ်ပြီးတော့ အသက်ရှူကြပ်အောင် လုပ်တယ်။ ဝိုင်းချုပ်ပြီးတော့ လုပ်တာ ပေါ့လေ။ လူက မျော့မျော့လေးပဲ ကျန်တော့ ခေါင်းကို ခြေထောက်တွေနဲ့ကန်တယ်။ အဲ့မှာ အဓိက ခေါင်းကို ထိခိုက်တာ အများဆုံးပဲ။ စစ်ကြောရေးမှာ ခံရတာတော့ စစ်ဖိနပ်နဲ့ ကန်ခံရတာများတယ်။ ခေါင်းကိုအိတ်စွတ်ပြီးတော့ ရေစိုအဝတ်တွေနဲ့ ရိုက်လိုက် ကန်လိုက်လုပ်တယ်။ ပြီးတော့ စစ်ယူနီဖောင်းဝတ်ထားတဲ့ လူတယောက်ပဲ ကျွန်တော်ကို ခေါင်းကို ပြေးကန်လိုက်တဲ့အချိန်မှာခါးက ဆူးကနဲဖြစ်ပြီးတော့ အဲ့မှာတင် ခါးကခွေကျသွားတာ။ သူတို့က ကျနော့်ရဲ့ လက်သည်းတွေကို ခွာဖို့ ကို စီစဉ်နေကြတာ၊ ဖြစ်ချင်တော့ ပလာယာက ရှာမတွေ့ဘူးဖြစ်နေတာ။ ကျနော့်ကို နည်းလမ်း မျိုးစုံနဲ့ကို နှိပ်စက်ခဲ့ကြတာ”။

နောက်နှစ်ရက် အကြာမှာတော့ စစ်အုပ်စု၏ လက်ပါးစေတပ်သားများက အတင်းအကျပ် ဝန်ခံဖြောင့်ချက် ပေးခိုင်းခဲ့ပါတယ်။

ဖမ်းဆီး၊ နှိပ်စက်ခံခဲ့ရသော အခြားအမျိုးသမီးတစ်ဦးမှာလည်း နှစ်နာရီခြားတစ်ခါ စစ်ကြော မေးမြန်းခြင်းခံခဲ့ရ သည်။ အချို့သောစစ်ကြောမေးမြန်းချိန်တွင် ည ၁၂ နာရီအထိတိုင်အောင် စစ်ကြောမေးမြန်းခြင်းကို ခံခဲ့ရ သည်။ စစ်ကြောနေစဉ်အတွင်း သူမမှာ ဒူးထောက်လက်မြှောက်ထားခဲ့ရသည်။ ရန်ကုန်မြို့မှ အခြား အမျိုးသမီးတစ်ဦးမှာလည်း စစ်ကြောရေးတွင် လေးရက်ကြာမြင့်ခဲ့ပြီး ယင်းကာလအတွင်း သူမအား ရုပ်ပိုင်း ဆိုင်ရာ၊ နှုတ်ဖြင့် စော်ကားခြင်းအပြင် ခွဲခြားဆက်ဆံမှုများကိုလည်း ခံခဲ့ရသည်။ ထို့နောက် သူမ၏ ခြေထောက်နှင့် မျက်နှာ အားကန်ကျောက်သည့်အပြင် ပါးရိုက်၍ အိမ်ထောင်မပြုဘဲ ဘာကြောင့် ဆန္ဒပြပွဲ တွေမှာ ပါနေရသလဲ စသဖြင့် နည်းလမ်းပေါင်းများစွာဖြင့်နှိပ်စက်ခံခဲ့ရသည်။ ထို့အပြင် သူမအား ဘယ်မှာ မွေးသလဲ၊ ဘာဘွဲ့တွေရသလဲ၊ မိသားစုရဲ့စီးပွားရေးနဲ့ အိမ်ထောင်ရေးအခြေအနေများကိုပါ မေးမြန်းခံခဲ့ရ သည်။ ထိုကဲ့သို့ ကိုယ်ရေးကိုယ်တာ မေးခွန်းပေါင်းများစွာအပြင် ဆန္ဒပြပွဲများတွင်ပါဝင်ခဲ့ခြင်းရှိ/မရှိ၊ မည်သည့် နိုင်ငံရေးပါတီကို ထောက်ခံသလဲနှင့် သူမ၏နိုင်ငံရေးခံယူချက် စသည့် မေးခွန်းများကို မေးမြန်းခံခဲ့ရသည်။

အခြားအမှုတစ်ခုတွင် အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် အကျဉ်းသားတစ်ဦးအား စစ်ကြောစဉ်အတွင်း သံပြား ဖြင့် ရိုက်နှက်ခြင်းအပါအဝင် ခြိမ်းခြောက်ခြင်း၊ ပါးရိုက်ခြင်းတို့ကိုလည်း ခံခဲ့ရသည်။ ၎င်းအကျဉ်းသား သည် ညအချိန် စစ်ကြောရေးဝန်ထမ်းများ အရက်မူးလာသောအခါ ပို၍ ရိုက်နှက် ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ ၎င်း၏ ပြောကြားချက်အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ခံထားရသော လှိုင်သာယာမြို့နယ်မှ လူများမှာလည်း စစ်ကြောရေးစခန်းတွင် သေလုနီးပါး ရိုက်နှက်ခြင်းခံခဲ့ရသည်ဟု သိရသည်။ ရန်ကုန်မှ အကျဉ်းသားတစ်ဦးမှာလည်း စစ်ကြောရေးစခန်းသို့ ရောက်ရောက်ခြင်းတွင်ပင် နှိပ်စက်ညှဉ်းပန်းခြင်းကို လေးရက်တိုင်တိုင်ခံခဲ့ရပြီး ၎င်းဖြေကြားသော အဖြေအား စစ်ကြောရေးဝန်ထမ်းမှ သဘောကျကျေနပ်မှု မရှိ သောကြောင့် တတိယမြောက်နေ့တွင် ၎င်း ၁၇ နှစ်အရွယ် အကျဉ်းသားအား တောအုပ်တစ်နေရာသို့ ခေါ်ဆောင်သွားကာ သေလုနီးပါး အပြင်းအထန်ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ဖမ်းဆီးခံခဲ့ရသော လိင်စိတ်ခံယူမှုပြောင်းလဲထားသော (LGBT) အကျဉ်းသူ တစ်ဦးမှာ စစ်ကြောရေးစခန်းသို့ရောက်ရှိပြီး ခဏအကြာမှ စတင်၍ တောက်လျှောက် ရိုက်နှက်ခံခဲ့ရသည်။ သူမ၏ လက်သည်းများကို ပလာယာဖြင့် လိမ်ချိုးခံခဲ့ရကာ ဆဲဆို၍ ဝိုင်ယာကြိုးဖြင့် အရိုက်ခံခဲ့ရသည်။ သူမကို အဝတ်အစားများချွတ်ခိုင်းခဲ့ပြီး သူမ၏ ရင်သားများနှင့် ခန္ဓာကိုယ်ကို ကြည့်ကာ လှောင်ပြောင်ခဲ့ကြသည်။ ဤနည်းမှာ တစ်ဦးချင်းစီ၏ လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုလုပ်သော အကြမ်းဖက်စစ်အုပ်စု၏ နောက်ထပ် ပုံစံ တစ်ခုဖြစ်သည်။

မကြာသေးမီက လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦးက စစ်ကြောရေးတွင် လမ်းမလျှောက်နိုင်သည်အထိ ပြင်းထန်စွာရိုက်နှက်ညှဉ်းပန်းနှိပ်စက်ကာ ၎င်း၏လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ် လျှို့ဝှက်နံပါတ်ကို ထုတ်ဖော်ပြောဆိုခိုင်းသည်ဟု ဆိုသည်။

## ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု

ထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားများအား အကြမ်းဖက်ခြင်းသည် ၎င်းတို့အား စတင်ဖမ်းဆီးသည့်အချိန်မှ စတင်ခြင်းဖြစ်ပြီး ၎င်းတို့လွတ်မြောက်ချိန်သည့်တိုင် ဖြစ်နိုင်သည်။ ထိုကဲ့သို့ အကြမ်းဖက်ခြင်းအား စစ်ကြောရေးစခန်းများ၌လည်းကောင်း၊ အကျဉ်းထောင်များ၌လည်းကောင်း၊ အချုပ်ခန်းများ၌လည်းကောင်း သို့မဟုတ် လမ်းများပေါ်၌ပင် ဖြစ်ပွားနိုင်ပါသည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၌ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှု ဖြစ်ပွားခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်သူလေးဦး ဖမ်းဆီးခြင်းခံခဲ့ရပြီး ဆိုးရွားစွာ ရိုက်နှက်ခြင်းခံခဲ့ရသည်။ ဆန္ဒထုတ်ဖော်သူ လေးဦးအနက်မှ အသက် ၁၇ နှစ်အရွယ်ရှိ ဆန္ဒထုတ်ဖော်သူ တစ်ဦးသည် ရာဘာကျည်ဖြင့် မျက်နှာကို ပစ်ခတ်ခြင်းခံခဲ့ရသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရသည်။

၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်းတွင် အကျဉ်းသားတစ်ဦး၏ ၁၄ နှစ်အရွယ် သားဖြစ်သူသည် ဓားစာခံအဖြစ် အကြမ်းဖက် ရိုက်နှက် ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်း၏ဖခင်ဖြစ်သူသည်လည်း နံနက် ၈:၃၀ မှ နေ့လယ် ၂:၀၀ နာရီထိတိုင် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည်။ နောက်ကျောကို ကန်ကျောက်ခြင်းခံခဲ့ရပြီး တစ်ကြိမ်လျှင် ၁၅ မိနစ်မှ မိနစ် ၂၀ ခန့် ကြာမြင့်ကြောင်း သိရှိရသည်။ ထို့ကြောင့် ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် နှစ်လကြာထိ တိုင်အောင် ကျောအောင့်ခြင်းဝေဒနာကို ခံစားခဲ့ရကြောင်း သိရှိရသည်။ ထို့ပြင် မီးခြစ်များကို သုံး၍ လက်မောင်းအရေပြားကို မီးဖြင့်ရှို့ခဲ့သည်။ အဆိုပါ အကျဉ်းသားသည် ၎င်း၏ညီနှင့်အတူ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် လွတ်မြောက်လာခဲ့ပြီး ၎င်း၏ အတွေ့အကြုံကို တိကျစွာ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကျနော် ငါးခါလောက်အရိုက်ခံခဲ့ရတယ်။ ကျနော့်ကိုစစ်တာ ၄၅ မိနစ် လောက်ကြာပြီး ဘယ်လိုလုပ်သလဲဆိုတော့ ဒူးထောက်ခိုင်းပြီး ခြေဖဝါးပေါ်နေတဲ့နေရာတွေကို ဆူးချွန်နဲ့ရိုက်တယ်။

ဘယ်နှစ်ချက်လောက်လဲဆိုတော့ ခြေဖဝါးကို လေးငါးခြောက်ချက်လောက် ရှိတယ်။ ခြေဖဝါးအပြင် ဝါးခြမ်းပြားနဲ့လည်းရိုက်သေးတယ်။ အဲဒါကျတော့လက်မောင်း တွေကို ရိုက်တယ်။ ကျောကုန်းတွေကိုနှစ်ချက် သုံးချက်လောက်အကျွေးခံရတယ်။ အဲဒီရိုက်ထားတဲ့ဒဏ်ရာက ပြန်ရောက်တဲ့အချိန်မှာ ကြည့်မိတော့ အပေါက်လေးတွေက သွေးစို့နေတယ်။"

မတရားအာဏာလုချိန်မှစ၍ ပြည်သူ (၃၂၄) ဦးသည် ဓားစာခံများအဖြစ် အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်း ကို ခံခဲ့ရပြီး (၂၇၀) ဦးသည် အကျဉ်းထောင်များနှင့် အခြား လျှို့ဝှက် ထိန်းသိမ်းရေးစခန်းများတွင် လက်ရှိ အချိန်ထိ ထိန်းသိမ်းခြင်းခံထားရဆဲဖြစ်သည်။ အသက်အရွယ်မည်မျှပင် ငယ်ရွယ်စေကာမူ ဂရုမပြုဘဲ ဓားစာခံအဖြစ်ဖမ်းဆီးမှုများ ပြုလုပ်လျက်ရှိသည်။ အမျိုးသမီးတစ်ဦးသည် သူမ၏ နှစ်နှစ်အရွယ်ကလေးငယ် နှင့်အတူ အင်းစိန်အကျဉ်းထောင်တွင် ဓားစာခံအဖြစ် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဤကဲ့သို့ဖြစ်ရပ်များသည် လွန်စွာစိုးရိမ်တုန်လှုပ်ဖွယ်ရာ ကိစ္စရပ်ဖြစ်သည်။ ထို့အပြင် စစ်တွေအကျဉ်းထောင်၌ မိခင်ဖြစ်သူနှင့်အတူ ထိန်းသိမ်းခံခဲ့ရသော ရောဂါဝေဒနာခံစားနေရသည့် နှစ်နှစ်အရွယ်ကလေးငယ်မှာ အချိန်မီ ဆေးဝါးကုသခွင့် မရရှိသဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကျဉ်းထောင်တွင်း၌ သေဆုံးသွားခဲ့ရသည်။

ရက်စက်ဆိုးရွားသော အကြမ်းဖက်မှုများသည် နေ့ရာအနှံ့ဖြစ်ပွားလျက်ရှိသည်။ အကြမ်းဖက်မှုတစ်ခုတွင် ရဲစခန်း၌ စစ်သားများက အကျဉ်းသား တစ်ဦးကို ဝမ်းဗိုက်တွင် နှစ်ကြိမ်၊ ပုခုံးတွင် နှစ်ကြိမ်၊ ဒူးတွင် တစ်ကြိမ် ဓားဖြင့် ထိုးခဲ့ကြောင်း သိရှိရသည်။ ထို့နောက် ခန္ဓာကိုယ်ကို အရက်ပျံဖြင့် ဖြန်းခဲ့သည်။ အခြားသူတစ်ဦးကိုမူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မန္တလေးနန်းတွင်းစစ်ကြောရေး၌ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ထိုသူအား အစာရေစာမပေးဘဲ သွားများကျွတ်ထွက်သည်အထိ ဝန်ခံလာအောင် ရိုက်နှက်ခဲ့ကြသည်။ အဆိုပါမန္တလေး နန်းတွင်းစစ်ကြောရေး၌ စစ်ဆေးခြင်းခံခဲ့ရသူ တစ်ဦးသည်လည်း ညာလက်ဖျံ သုံးပိုင်းကျိုးသည်အထိ ရိုက်နှက်ခြင်းခံခဲ့ရသည်။

ကြည့်မြင်တိုင်ဆန္ဒထုတ်ဖော်ပွဲ၌ ကားဖြင့်တိုက်ကာ ဖြိုခွင်း ဖမ်းဆီးခြင်းခံခဲ့ရသူ အမျိုးသမီးတစ်ဦးသည်လည်း စစ်ကြောရေး၌ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရပြီး သူ၏ဦးခေါင်းခွံတွင် နံပါတ်တုတ်ဖြင့် ရိုက်နှက်ခြင်းခံထားရသော အမှတ်အသားများရှိနေသည်ကို ဓာတ်မှန်တွင်တွေ့ရှိရသည်။ ထိုကဲ့သို့ ရိုက်နှက်ခြင်းခံခဲ့ရပြီး အာရုံကြောနှင့် သွေးကြောများပျက်စီးသွားသောကြောင့် အဆိုပါအမျိုးသမီးသည် ခေါင်းကိုက်ခြင်း၊ နှာခေါင်းသွေးယိုခြင်း စသည့် ဝေဒနာများကို ခံစားနေရသည်။ အကြမ်းဖက်စစ်အုပ်စုသည် ညှဉ်းပန်းနှိပ်စက်မှု၏ တစ်စိတ်တစ်ပိုင်း အဖြစ် လျှပ်စစ်ခေါင်းစွပ်များ၊ သားရေကြိုးများအပါအဝင် လျှပ်စစ်ရှော့ရိုက်ခြင်း စသည်တို့ကို သုံးလေ့ရှိသည်။ ဖမ်းဆီးခြင်းခံရသူ၏ အသက်မွေးဝမ်းကျောင်းနှင့် အနေအထားပေါ်မူတည်၍ ညှဉ်းပန်းနှိပ်စက်မှု နည်းလမ်း များ မတူညီနိုင်ပါ။ သာဓကအားဖြင့် သတင်းသမားဆိုပါက သူတို့၏ လက်များကို အထူးပစ်မှတ်ထား၍ ညှဉ်းပန်းနှိပ်စက်မှု ပြုလေ့ရှိသည်။

> "သူတို့ထွက်သွားလျှင် ခဏအိပ်ဖို့ကြိုးစားခဲ့တယ်၊ အိမ်ပျော်တော့မယ့်အချိန်ရောက်တိုင်း သူတို့ တံခါးကို ဖွင့်ဝင်လာပြီး ထပ်ရိုက်နှက်ခဲ့ကြတယ်၊ ပါးကို ဖိနပ်ဖြင့် ရိုက်နှက်ခဲ့တယ်၊ မျက်လုံးကို

> အဝတ်နဲ့စည်းပြီး အုတ်နံရံတွင်မှီခိုင်းပြီးတဲ့နောက် ထိုးကြိတ် ကန်ကျောက်ခဲ့ကြတယ်။ ညဘက် ရိုက်နှက်တဲ့အချိန်မှာ တစ်ဖက်မှာ သစ်သားတပ်ထားတဲ့ ပလတ်စတစ်ပိုက်နဲ့ရိုက်တယ်။ ကျနော့်ရဲ့ လက်ကို ပြခိုင်းပြီး ထပ်ရိုက်နှက်ခဲ့တယ်၊ သတင်းထောက်တစ်ဦးဖြစ်တဲ့အတွက် ဓာတ်ပုံရိုက်ဖို့ ကင်မရာကိုင်တာကြောင့် လက်တွေကို ရိုက်နှက်ခြင်းခံခဲ့ရတယ်”

အကျဉ်းထောင်များတွင် ဝန်ထမ်းအင်အားမလုံလောက်သဖြင့် ရာဇဝတ်အကျဉ်းသားအချို့အား အကျဉ်းသား အရာရှိ (တန်းစီးဘုတ်ကိုင်) အဖြစ် တာဝန်ပေးထားသည်။ နိုင်ငံရေးအကျဉ်းသားများကို ရာဇဝတ် အကျဉ်းသားများနှင့်အတူ ရောနှောထားပြီး အဆိုပါအကျဉ်းသားအရာရှိများမှ နိုင်ငံရေးအကျဉ်းသားများကို ရမ်းကားခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် စော်ကားခြင်းတို့ကို ထောင်အာဏာပိုင်များနှင့် ပူးပေါင်းကျူးလွန်လေ့ ရှိသည်။

## စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု

ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုများအပြင် နိုင်ငံရေးအကျဉ်းသားများသည် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်း နှိပ်စက်မှုကို ပို၍ခံစားရသည်။ စစ်တပ်၏ ညှဉ်းပန်းနှိပ်စက်မှုပုံစံသည် ဖမ်းဆီးခြင်းခံရသည့်အချိန်မှ စ၍ လွတ်မြောက်သည့်အချိန်အထိ မရပ်တန့်ပါ။ အခန်းကျဉ်းအတွင်း၌ လူဦးရေ ပြည့်ကျပ်စွာ နေထိုင်ရခြင်းသည် စိတ်ဒဏ်ရာရစေနိုင်သကဲ့သို့ တကိုယ်ရည်လွတ်လပ်မှုလည်း မရှိပါ။ သို့ရာတွင် ၎င်းတို့ရင်ဆိုင်ရသည်မှာ ထိုမျှမကပါ။ ထိန်းသိမ်းခံရသည့် လိင်စိတ်ခံယူမှုကွဲပြားသူများအပေါ်တွင်လည်း စိတ်ပိုင်းဆိုင်ရာညှဉ်းပန်း နှိပ်စက်မှုများရှိသည်။ ယင်းတို့သည် အမျိုးသားအချုပ်ဆောင်တွင် လူသတ်မှု၊ မုဒိမ်းမှု သို့မဟုတ် မူးယစ်ဆေး သုံးစွဲမှုတို့ဖြင့် ပြစ်ဒဏ်ကျအမျိုးသားများနှင့်အတူ ရောနှောချုပ်နှောင်ခံကြရသည်။ ထို့ပြင် ယောကျ်ားလေး အဝတ်အစားများကို အတင်းအကျပ် ဝတ်ဆင်စေသည့်အတွက် ပစ်မှတ်ထားလှောင်ပြောင်ခံကြရသည်။ ဖမ်းဆီးမှုနှင့် အကျဉ်းထောင်တွင်း နေထိုင်ရသည့် အခြေအနေသည် အများအပြားအတွက် စိတ်ဒဏ်ရာများနှင့် အိပ်မပျော်ခြင်းကို ဖြစ်စေသည်။ မည်သည့်အကြောင်းပြချက်မှ မရှိဘဲ ယင်းတို့၏ လွတ်ရက်များကို ပြောင်းလေ့ရှိသည်ဟု ထိန်းသိမ်းခံအများအပြားက ပြောသည်။

စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု ပုံစံများစွာရှိရာ ဥပမာအားဖြင့် အကျဉ်းသားတစ်ဦးသည် မစင်များကို သယ်ရန် အတင်းအကျပ် စေခိုင်းခြင်းခံခဲ့ရကြောင်း သိရှိရသည်။ အမျိုးသမီးတစ်ဦးသည်လည်း စိတ်အနှောင့် အယှက်ဖြစ်စေသော ခြိမ်းခြောက်မှုအကြောင်းကို ပြောကြားခဲ့သည်။ “သူတို့က ကျမကို တစ်နာရီကျော်ကျော် လက်သုံးချောင်းထောင်ထားခိုင်းတယ်။ ပြီးတော့ အစောင့်တစ်ယောက်က ကျမ ဆံပင်ကိုဆွဲပြီး ခြိမ်းခြောက် တယ်”။ ထောင်ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုသည် အပြောင်းအလဲမရှိကြောင်း သိရ သည်။

အကျဉ်းထောင်အတွင်း အများဆုံး စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုပုံစံသည် အပြင်လောကနှင့် အဆက်ဖြတ်၍ တစ်ဦးတည်းထားခြင်းဖြစ်သည်။ ဖြစ်စဉ်အများစုတွင် ထောင်ဝင်စာတွေ့ခွင့် မပေးခြင်းဖြစ်

သည်။ ထောင်ဝင်စာနှင့် စာများရရှိရန် အလွန်ခက်ခဲပြီး ၎င်းတို့ကို ပေးပို့ရန်မှာ ပို၍ခက်ခဲသည်။ အကျဉ်းသားများသည် ၎င်းတို့၏ သူငယ်ချင်းများ၊ မိသားစုများနှင့် လုံးဝ သီးခြားခွဲထားခြင်းခံထားရပြီး ယင်းတို့ထံသို့ သတင်းအချက်အလက်ပေးနိုင်သည့် တစ်ခုတည်းသော အခွင့်အလမ်းမှာ ရုံးချိန်းများတွင် ရှေ့နေမှတဆင့် စကားပါးခြင်း ဖြစ်သည်။ သူမ၏ သားသမီးများထံမှ သတင်းမကြားရ၍ လွန်စွာစိုးရိမ်မိကြောင်း မိခင် တစ်ဦးက ပြောကြားသည်။

တိုက်ပိတ်ထားခြင်းကိုလည်း ပြစ်ဒဏ်အဖြစ် အသုံးပြုသည်၊ အထူးသဖြင့် ထောင်တွင်းဆန္ဒထုတ်ဖော်မှုများတွင်ဖြစ်သည်။ ထိုကဲ့သို့ တိုက်ပိတ်၍ သီးသန့်ထားခြင်းသည် အကျဉ်းသားများအတွက် ပြင်းထန်သော စိတ်ဒဏ်ရာကို ဖြစ်စေသည်။ အင်းစိန်အကျဉ်းထောင်တွင် တက်ကြွလှုပ်ရှားသူတစ်ဦးအား ရက် ၄၀ ကျော်ကြာ တိုက်ပိတ်ထားခဲ့သည်။ ထိုတိုက်ခန်းတွင် အဝတ်တစ်ထည်၊ ကိုယ်တစ်ခုမှလွဲ၍ ဘာမှမရှိပါ။ လိုအပ်သည့် ဆေးဝါးများမရရှိသောကြောင့် သူမသည် နေ့စဉ်နှင့်အမျှ ပို၍ ချိနဲ့လာသည်။ “အမှောင်ခန်းထဲမှာ ကျမ လဲ့နေရင်း သေသွားမှာကို စိုးရိမ်နေခဲ့ရတယ်.... တစ်ခါတလေ ဘေးကတိုက်ခန်းတွေထဲက ငိုသံ၊အော်သံတွေ ကြားတယ်၊ ဘယ်သူများ နှိပ်စက်ခံနေရပြီလဲလို့ ကျမတွေးနေမိတယ်”။

ထိုမျှသာမက အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံတကာအသိုက်အဝန်းကို လှည့်ဖျားရန် အမည်ခံ “လွတ်ငြိမ်းချမ်းသာခွင့်”ကို သုံးလေ့ရှိသည်။ ထိုသို့ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာပြီးသည့်တိုင် နိုင်ငံရေးအကျဉ်းသားအများအပြားအတွက် ညှဉ်းပန်းနှိပ်စက်ခံရမှု မပြီးဆုံးသေးပါ။ သာဓကအားဖြင့် အကျဉ်းသား ၁၂၇ ဦးထက်မနည်းသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် လွတ်မြောက်လာခဲ့သော်လည်း မကြာခင်တွင် ပြန်လည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထိုသို့သောလုပ်ရပ်များသည် အကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုများအတွက် စိတ်ဒဏ်ရာဖြစ်စေပြီး၊ စိတ်ဓာတ်စစ်ဆင်ရေးဟု သတ်မှတ်နိုင်သည်။ လွတ်မြောက်လာသူများအနေဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် မည်သည့် လှုပ်ရှားမှုတွင်မဆို ထပ်မံပါဝင်ပါက ကြွင်းကျန်သည့်ပြစ်ဒဏ်ကို ပြန်လည်ကျခံရမည်ဆိုခြင်းသည် “လွတ်ငြိမ်းချမ်းသာခွင့်” ဟူသော ဝေါဟာရကို အလွဲသုံးစားလုပ်ခြင်းဖြစ်ပြီး၊ ယင်းတို့အား အမှန်တကယ် ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးခြင်းမဟုတ်ဘဲ၊ ပြန်လည် ဖမ်းဆီးခြင်းခံရမည်ကို အမြဲတစေစိုးရိမ် ကြောင့်ကြနေကြရသည်။ ထိုကဲ့သို့သော မဟာဗျူဟာများနှင့် အဆိုပါဝေါဟာရကို တလွဲအသုံးပြုခြင်းသည် ယခင်စစ်အာဏာရှင်များ ကဲ့သို့ ဖြစ်သည်။ စိတ်ဓာတ်စစ်ဆင်ရေးအတွက် အခြားနည်းစနစ်တစ်ခုမှာ နိုင်ငံရေးအကျဉ်းသားတချို့၏ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း ဖြစ်သည်။ မတရားအာဏာလုချိန်မှစ၍ မတ်လ (၂၂)၊ ၂၀၂၂ ထိ နေအိမ်နှင့်အဆောက်အဦ (၅၂၃) လုံး မတရား ချိပ်ပိတ်သိမ်းဆည်းခြင်း ခံခဲ့ရသည်။

### လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း

AAPP ၏ မှတ်တမ်းပြုစုမှုအရ ကျား၊မ အားလုံးမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံကြရသည်။ ကျောင်းသားတစ်ဦးမှ AAPP ကိုပြောကြားချက်အရ စစ်ကြောရေးစခန်းရှိ တပ်ကြပ်ကြီးတစ်ဦးမှ_

"ဒီကစစ်သားတွေက မင်းတို့ကို ချချင်နေတယ်၊ သူက အဲ့ဒီကောင်တွေကို ကျနော်တို့နဲ့ လွှတ်ပေးမယ်၊ အဲ့ဒီစစ်သားတွေက ကျနော်တို့ကို မုဒိမ်းကျင့်လိမ့်မယ်။ သူတို့က ကျနော်တို့ရဲ့ ခန္ဓာကိုယ်ကိုကြည့်ပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေသုံးတယ်"။

ဖမ်းဆီးထိမ်းသိမ်းခံရစဉ်အတွင်း အကြမ်းဖက်စစ်အုပ်စု၏ စစ်သားများမှ မုဒိမ်းကျင့်မှု အစီရင်ခံစာတစ်စောင် အပါအဝင် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်အများအပြားရှိသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ABSFU) ၏ ထုတ်ပြန်ချက်အရ ထိုသို့သောဖြစ်စဉ်များသည် နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသည်ဟု ဆိုသည်။ ထို့အပြင် စစ်ကြောရေးစခန်းများတွင် အမျိုးသားများကိုလည်း လိင်ပိုင်းဆိုင်ရာ စော်ကား၊ မုဒိမ်းကျင့်ကြသည်။ "ဖမ်းဆီးခံရသူများ၏ စအိုအတွင်း ဝါးလုံးဖြင့်အတင်းအကျပ်ထိုးသွင်းသည့် လူမဆန်သောရက်စက်မှုများရှိကြောင်း" အသေးစိတ်ပြောပြကြသည်။

စစ်ကြောရေးစခန်းများတွင် ခင်ပွန်းသည်နှင့်အတူ ဖမ်းဆီးခံရသော အမျိုးသမီးတစ်ဦးအား ခင်ပွန်း၏ မျက်စိရှေ့မှောက်တွင်ပင် လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားခဲ့သည့် ဖြစ်စဉ်အနည်းဆုံးတစ်ခု ဖြစ်ပွားခဲ့သည်။

## ကျန်းမာရေးစောင့်ရှောက်မှု

### ကိုဗစ်ကာလအခြေအနေ

ကိုဗစ်ကာလအတွင်း အကျဉ်းထောင်အခြေအနေနှင့် ပတ်သက်၍ အေအေပီပီအနေဖြင့် မြေပြင်မှရရှိသော သတင်းအချက်အလက် များကို သုတေသနပြု၍ အကျဉ်းထောင်များအတွင်း လူဦးရေထူထပ်ခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး Social Distancing (ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် တစ်ဦးနှင့်တစ်ဦး ၆ ပေခွာ၍ နေရမည်) မရှိခြင်းတို့ကဲ့သို့ အကြီးမားဆုံး ပြဿနာများကို ဖော်ပြထားပါသည်။ ပြည်မြို့ အကျဉ်းထောင်တွင် အကျဉ်းထောင်ဝန်ထမ်းများ နှာခေါင်းစည်း မတပ်ခြင်းကြောင့် ကူးစက်မှု အန္တရာယ်ကို ပိုမိုများပြားစေပါသည်။ အကျဉ်းသားများကို ကာကွယ်ဆေးထိုးခွင့် အကန့်အသတ်များရှိနေသည့်အပြင် မိတ္ထီလာအကျဉ်းထောင်တွင် ကာကွယ်ဆေးထိုးရန်အတွက် အဓမ္မအလုပ်စေခိုင်းမှုများလည်း ရှိကြောင်း သိရသည်။ ထို့ပြင် ကူးစက်ရောဂါစစ်ဆေးမှု မလုံလောက်ခြင်းနှင့် အကျဉ်းထောင်၏ ဆေးဝါးအသုံးအဆောင် မလုံလောက်ခြင်း၊ အထူးသဖြင့် သင့်လျော်သောဆေးဝါးနှင့် အောက်စီဂျင်မလုံလောက်ခြင်းတို့လည်း ရှိနေသည်။ ကျောင်းသားသမဂ္ဂများ ကိုယ်စားပြုကော်မတီ၏ ဩဂုတ်လ ၂၈ ရက်နေ့ အိုးဘိုထောင် ဆန္ဒပြမှုနှင့်ပတ်သက်သော ထုတ်ပြန်ချက်တွင် အကျဉ်းထောင်အခြေအနေကိုပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ပြန်ပေးရန်နှင့် အကျဉ်းသားများအတွက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် တောင်းဆိုထားသည်။ အဆိုပါ ထုတ်ပြန်ချက်တွင်ပင် စစ်အာဏာရှင်တို့သည် နိုင်ငံရေးအကျဉ်းသားများအား သတ်ဖြတ်ရန် COVID-19 ကို ဇီဝလက်နက်တစ်ခုသဖွယ် အသုံးပြုနေကြောင်း စွပ်စွဲပြောဆိုထားပါသည်။

၂၀၂၁ ခုနှစ် ဇူလိုင်နှင့် ဩဂုတ် ၂ လအတွင်းတွင် နိုင်ငံရေးအကျဉ်းသားနှင့် အခြားအကျဉ်းသား ၆၀၀ ကျော်သည် COVID-19 ကူးစက်ခံရကြောင်း သိရသည်။ ထို့ပြင် အထူးကြပ်မတ် ကုသဆောင်များတွင် ကုသမှုခံယူနေသူအချို့ သေဆုံးခဲ့ကြောင်း အစီရင်ခံစာများက ဆိုသည်။ မေ ၂၅၊ ၂၀၂၁ နေ့မှ စတင်၍ အကျဉ်းထောင်အတွင်း ကပ်ရောဂါ ကူးစက်မှု ပိုမိုများပြားလာပြီး ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ သေဆုံးခဲ့ကြရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပဲခူးတိုင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် မန္တလေး ဆေးတက္ကသိုလ်မှ ခွဲစိပ်အထူးကုဆရာဝန် ဒေါက်တာ မောင်မောင်ငြိမ်းထွန်းတို့သည် အကျဉ်းကျနေစဉ် COVID-19 ရောဂါကြောင့် သေဆုံးခဲ့ကြရသည်။

**မြစ်ကြီးနားအကျဉ်းထောင်တွင်** COVID-19 **ကူးစက်မှုဦးစွာတွေ့ရှိပြီးချိန်တွင် အကျဉ်းသား ၁၂၀၀ ခန့် အတွက် ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးသာ ရှိသည်။ ရေဝတီတိုင်းရှိ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများကို မတရားဖမ်းဆီးစစ်ဆေးရာတွင် တာဝန်ခံရသည့် အထူးသတင်းတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦး** COVID **ကူးစက်ကြောင်း တွေ့ရသည်။ ၎င်းစစ်ဆေးခဲ့သော ထိန်းသိမ်းခံ နိုင်ငံရေးအကျဉ်းသားများကို** COVID – 19 **စစ်ဆေးရာတွင် အများစု ကူးစက်ခံကြရသည်ကို တွေ့ရသည်။ ထိုသူများကို ကုသမှုပေးသော်လည်း ဆေးဝါးနှင့် အောက်စီဂျင်လုံလောက်မှုမရှိပါ။**

အာဏာလုစစ်အုပ်စု၏ စီမံခန့်ခွဲမှုသည် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းမှ လူ့အခွင့်အရေးအကြပ်အတည်းကို ဖန်တီးခဲ့သည်။ ယင်းသို့ မှားယွင်းသည့် စီမံခန့်ခွဲမှုသည် ထိန်းသိမ်းရေး စခန်းများ၊ အကျဉ်းထောင်များ၊ အကျဉ်းဆောင်များတွင် အထင်ရှားဆုံးဖြစ်ပြီး သပိတ်မှောက်မှုများကို ဖြစ်စေပြီး တစ်ခါတရံ ဆန္ဒပြမှုများအထိ အရှိန်မြင့်လာစေသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC) က ထိန်းသိမ်းရေးစခန်းများသို့ သွားရောက် လေ့လာခွင့်ကို ပြန်လည်ခွင့်ပြုပေးရန်နှင့် COVID-19 ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုကို ကူညီလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့သော်လည်း ထိုကမ်းလှမ်းချက်ကို ယနေ့တိုင် ငြင်းပယ်ထားဆဲဖြစ်သည်။

## ဆေးကုသခွင့်

ကပ်ရောဂါအဆိုးဆုံးဖြစ်ပွားစဉ်အတွင်း နိုင်ငံရေးအကျဉ်းသားအများအပြားသည် ရောဂါများ၊ ယခင်ရောဂါအခံများ၊ သို့မဟုတ် ကြုံတွေ့ခဲ့ရသော ညှဉ်းပန်းနှိပ်စက်မှုများအတွက် ကုသမှု လိုအပ်ချက်များကို တင်ပြခဲ့ကြပါသည်။ ထိုသို့ ဆေးကုသခွင့်ကို ယေဘုယျအားဖြင့် ကန့်သတ်ထားပြီး၊ ဖြစ်စဉ်အများစုတွင် ဘိုင်အိုဂျက်ဆစ်၊ ဒီကိုဂျင်၊ ပါရာစီတမောနှင့် အိပ်ဆေးများသာ ပေးသည်ကိုတွေ့ရသည်။ ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသူမခင်ကေခိုင်သည် အဖမ်းခံရစဉ် စစ်အုပ်စုက ပစ်ခတ်သော ကျည်ဆံကြောင့် ဝမ်းဗိုက်တွင်ရခဲ့သည့်ဒဏ်ရာကို အာလ်ထရာဆောင်း ရိုက်၍ စစ်ဆေးရန်လိုအပ်ခဲ့သည်။ သူမတွင် သည်းခြေအိတ်နှင့် အစာအိမ်ရောဂါလည်း ရှိနေခဲ့သည်။ အကျဉ်းထောင်မှ ကျွေးသောအစားအစာနှင့် ထိရောက်မှုမရှိသော ဆေးဝါးကုသမှုများကြောင့်

သူမ၏အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ သူမ၏ ရောဂါများအတွက် မည်သည့် ဆေးဝါးကုသမှုမှ မရရှိဘဲ ပါရာစီတမောကိုသာပေးခဲ့ကြောင်းသိရသည်။

အလားတူပင် ဆေးဝါးကုသမှုကြောင့် အကျဉ်းသူတစ်ဦး၏ ကျောက်ကပ်နှင့် မျိုးပွါးအင်္ဂါများ ထိခိုက်ခြင်း၊ ခွဲစိတ်ကုသရန်လိုအပ်နေသော လည်ပင်းအကြိတ်ဝေဒနာသည် အခြား အကျဉ်းသူတစ်ဦးမှာလည်း ထားဝယ် အကျဉ်းထောင်သို့ ပို့ဆောင်လိုက်ပြီးနောက် အရေးပေါ် ဆေးဝါးကုသမှု မရရှိခဲ့ပါ။

ဖမ်းဆီးခံရစဉ်တွင်လည်းကောင်း၊ စစ်ကြောရေးကာလတွင်လည်းကောင်း၊ အကျဉ်းထောင်ထဲတွင် လည်းကောင်း ပြင်းထန်သော ရိုက်နှက်နှိပ်စက်မှုကြောင့် ဒဏ်ရာရရှိခဲ့သူများစွာသည် ဆေးဝါး ကုသမှုခံယူ ရခြင်းမရှိခဲ့ပါ။ ဥပမာအားဖြင့် - အရိုက်အနှက်ခံရခြင်းကြောင့် ဦးခေါင်းတွင် ဖူးယောင်နာကျင်ဒဏ်ရာ ရရှိခဲ့သော အကျဉ်းသားတစ်ဦးမှာ ကုသမှု မရခဲ့ပါ။ သူနှင့်အတူ ဖမ်းဆီးခံရသူ ဦးညီကျော်သည် ဦးခေါင်းခွဲ ကွဲအက်ခြင်း၊ သွေးထွက်များပြီး လက်ယောင်ယမ်းနေခြင်းနှင့် မျက်လုံးမှ သွေးထွက်ခြင်းတို့ကို ခံစားနေရ သော်လည်း ဆေးကုသမှု မရခဲ့ပါ။ ၂၀၂၁ မေလတွင် ဖမ်းဆီးခံရသော အခြားအကျဉ်းသားတစ်ဦးမှာလည်း ရရှိသောဒဏ်ရာကို ချက်ချင်းကုသမပေးဘဲ၊ ကုသပေးသည့် အချိန်တွင်လည်း ဦးခေါင်းတွင် သုံးချက်နှင့် ချိုစောင်း (ဂျိုစောင်း) တွင် တစ်ချက်ချုပ်ရာတွင် ဖိနပ်ချုပ်သည့် ကြိုးကို အသုံးပြုခြင်းအားဖြင့် အရည်အသွေး ပြည့်ဝသော ကုသမှုမရခဲ့သည်ကို တွေ့ရသည်။ အခြားဖြစ်စဉ်များတွင် အကျဉ်းသားများအား ဆေးခန်းသွားခွင့် လုံးဝမပေးဘဲ၊ ထောင်ထဲတွင် ရှိနေစဉ် ဆေးကုသခွင့် လုံးဝမရရှိခဲ့ပါ။ ဆေးသင်တန်းတက်ဖူးသည့် အကျဉ်းသားများ၏အဆိုအရ ဒဏ်ရာများကြောင့် ထောင်ဆေးရုံသို့ ပို့သူများအား မှန်ကန်သော ကုသမှု မပေးကြပါ။ ဒဏ်ရာများကို ဆေးကြောသန့်စင်၊ ဆေးထည့်ပေးခြင်းမရှိပါ။ ထို့ပြင် အသက်ရှူကြပ်နေသော လူနာများကိုလည်း အောက်စီဂျင် ပေးခြင်းမရှိပါ။ ညအချိန်တွင် **ဆေးဝါးကုသမှု မပေးပါ။ ထို့ကြောင့် အကျဉ်းသားများသည် လိုအပ်သော ဆေးဝါးများကို ပြင်ပရှိ မိသားစုဝင်များမှတဆင့် မှာယူကုသကြရသည်။ သတင်းထောက်များ၊ ကျောင်းသားကျောင်းသူများနှင့် နိုင်ငံရေးအကျဉ်းသား အများစုထံသို့ မှာကြားသည့် ဆေးဝါးများ မရောက်ရှိပါ။**

## အစားအသောက်နှင့် ရေ ရရှိခွင့်

အကျဉ်းထောင်မှ ကျွေးသော အစားအသောက်များ၏ အရည်အသွေး သို့မဟုတ် ပမာဏ သို့မဟုတ် နှစ်မျိုးစလုံးနှင့်ပတ်သက်၍ အကျဉ်းသားအများစုက အဆင်မပြေကြောင်း ပြောဆိုကြသည်။ ပုံမှန်အားဖြင့် အစားအသောက်တစ်ပုံစံတည်းသာ ကျွေးလေ့ရှိပြီး ရက်သတ္တတစ်ပတ်လျှင် ၂ ကြိမ်သာ အသားကျွေးလေ့ ရှိသည်။ လွတ်မြောက်လာသော အကျဉ်းသားအများအပြားက ထောင်မှ အစားအသောက်များသည် လူစားသည့်အစားအစာမဟုတ်ကြောင်းနှင့် အရသာကင်းမဲ့ကြောင်း ပြောပြကြသည်။ အမျိုးသားတစ်ဦးက “တမင်မကျက်အောင် ချက်ထားတာ၊ ထမင်းမာချက်ကတော့ ကျနော် ကော်လိုက်တဲ့ ပလတ်စတစ် ဇွန်းတောင် ကျိုးတယ်” ဟု ဖြည့်စွက်ပြောပြပါသည်။ အာဟာရလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ မွတ်စလင်များကို ဝက်ဆီစားရန် ဖိအားပေးခဲ့သည်။ အစားအသောက် ဓာတ်မတဲ့ခြင်းကို လျစ်လျူရှု

ထားခဲ့သည်။ အကျဉ်းသားတယောက်က "ကျနော်တို့က အမဲသားနဲ့ ငါး မစားဘူး၊ အဲဒါကို ကျွေးတဲ့ အခါကျတော့ ကျနော်တို့ မစားနိုင်ကြဘူး" ဟု ပြောပြသည်။ လာဘ်ငွေပေးမှသာ အစားအသောက် ကောင်းကောင်း စားကြရသည်။ ကလေး(မြို့) အကျဉ်းထောင်တွင် အကျဉ်းသားများသည် ပုံစံထိုင်၍ အစားအသောက်တန်းစီရသည်။ ပုံစံထိုင်၍တန်းမစီ နိုင်သော အကျဉ်းသားများကို အခြားဘ၀တူ အကျဉ်းသား များက အစားအသောက်ခွဲပေးသည်ကို ထောင်ဝန်ထမ်းများတွေ့ရှိပါက "အကျဉ်းသားအားလုံး ကိုယ့်အစားအသောက် ကိုယ်ယူရမယ်၊ မျှပေးလို့မရဘူး၊ ဒါထောင်စည်းကမ်းပဲ" ဟု ပြောပါသည်။

သောက်ရေရရှိမှုလည်း လွန်စွာဆိုးရွားသည်။ အထူးသဖြင့် စစ်ကြောရေးစခန်းများတွင် စစ်ကြောစဉ်အတွင်း သောက်သုံးရေ မရရှိကြောင်း သတင်းအရင်းအမြစ်ပေါင်းစုံမှ ပြောကြသည်။ တစ်ဦးဆိုလျှင် မတတ်သာသည့် အဆုံး အိမ်သာထဲက ရေကိုပဲ သောက်ခဲ့ရတယ် ဟုပြောပါသည်။ ယင်းကို မတရားအာဏာလုပ်မှုမတိုင်မီကပင် နိုင်ငံရေးအကျဉ်းသားများ အများအပြားကြုံတွေ့ခဲ့ရသည်။ ဖြစ်စဉ်အများအပြားတွင် အိမ်သာထဲမှ ရေကိုသာ သောက်ရန်၊ ရေချိုးရန်၊ သွားတိုက်ရန် အသုံးပြုကြရသည်။ ရေကို ပိုတောင်းလျှင် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံရနိုင်သည်။

## တကိုယ်ရည်သန့်ရှင်းမှု ရရှိခြင်းအခြေအနေ

ပြောကြားချက်အများအပြားအရ တကိုယ်ရည်သန့်ရှင်းမှုသည် အကျဉ်းထောင်များတွင် အဓိကပြဿနာတစ်ခု ဖြစ်သည်။ အခြေခံရေချိုးခန်းသုံးပစ္စည်းများ ရရှိမှုသည် ပြင်ပမှ ပေးပို့သော ပစ္စည်းများရရှိမှုအပေါ်တွင် အပြည့်အ၀ မူတည်နေသည်။ အချို့ကိုဆပ်ပြာတစ်မျိုးပဲပေးပြီး အခြားမည်သည့်အရာမှ မရဟုလည်းကောင်း၊ အများအပြားက နေ့စဉ်ရေမချိုးရပါဟုလည်းကောင်း ပြောကြသည်။ အကျဉ်းသားတစ်ဦးက သူထောင်ကို ရောက်ပြီး ပထမ ၂ ပတ်တိတိ ရေမချိုးရကြောင်း ပြောပြသည်။ ထိုအခြေအနေများကြောင့် အကျဉ်းသားများ သည် အရေပြားပေါ်တွင် ယားနာပေါက်ခြင်းကဲ့သို့ ရုပ်ပိုင်းဆိုင်ရာရောဂါများကို ဖြစ်စေသည်။ အကျဉ်းသား တစ်ဦးက သူ၏အခန်းဖော် ၈၀ % သည် ထိုသို့ ယားနာများခံစားရကြောင်းနှင့် ကုသရန် လုံလောက်သော ဆေးဝါးမရှိကြောင်း ပြောပြပါသည်။ ဖြစ်စဉ်အများစုတွင် အကျဉ်းသားဦးရေ များပြားလွန်း၍ အခန်းများတွင် အိမ်သာ မလုံလောက်၊ ကျဉ်းကြပ်၍ ညစ်ပတ်နေသည်။ အကျဉ်းသားများ အထူးသဖြင့် အမျိုးသမီးများသည် ကိုယ်ရေးကိုယ်တာ လုံခြုံမှုမရှိခြင်းကြောင့် အလွန်စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း ဆိုသည်။

## အကျဉ်းထောင်တွင်းအခြေအနေများ

### အကျဉ်းထောင်တွင်းသပိတ်များ

အကျဉ်းထောင်တွင်း သပိတ်များအကြောင်း သတင်းပေးပို့ချက်အများအပြားရှိပြီး ထိုသပိတ်များ၏ နောက်ဆက်တွဲဖြစ်စဉ်များမှာလဲ အမျိုးမျိုးကွဲပြားကြသည်။

အကျဉ်းထောင်တွင်း သပိတ်များသည် စစ်အာဏာရှင်၏ အကြမ်းဖက်ဖိနှိပ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မအလုပ်ခိုင်းစေမှု၊ လုံလောက်မှု မရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကြောင့် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။ ဖြစ်စဉ်အများစုတွင် အကျဉ်းထောင်တွင်းသပိတ်များသည် အကြမ်းဖက် စစ်အုပ်စုလက်ပါးစေများ၏ အကြမ်းဖက်ဖြိုခွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ တိုက်ပိတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အတင်းအကြပ်ဖိအားပေး၍ ဝန်ခံစေခြင်းများအပြင် လူသေဆုံးမှုများအထိ ဖြစ်ပွားစေခဲ့သည်။

- <u>အိုးဘိုအကျဉ်းထောင်</u>
    - ၂၀၂၁ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အိုးဘိုအကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများက ၈၈၈၈ အရေးအတော်ပုံ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ကြွေးကြော်သံများကို သံပြိုင်ဟစ်ကြွေးခဲ့ကြသည်။ ထိုအကျဉ်းသားများကို အရက်မူးနေသော အကျဉ်းထောင်စောင့်များက ရိုက်နှက်ခဲ့ခြင်းကြောင့် အကျဉ်းသားတစ်ဦး သွေးအန်ပြီး ချက်ချင်းသေဆုံးခဲ့သည်။ အခြားအကျဉ်းသားများမှာ ပြင်းထန်သော ဒဏ်ရာများဖြင့် ဆေးရုံတင်ခဲ့ရပြီး သူတို့၏ ကျန်းမာရေးအခြေအနေကို အတိအကျ မသိရှိရပါ။ အကျဉ်းသားများအား ရိုက်နှက်နေသည့်အသံများကို ဖုံးကွယ်ရန်အတွက် ထောင်စောင့်များက တရားတိတ်ခွေများကို ကျယ်လောင်စွာ ဖွင့်ထားခဲ့ကြသည်။
- <u>အင်းစိန်အကျဉ်းထောင်</u>
    - ထိုနေ့ရက်တွင်ပင် (ဩဂုတ် ၈) ကန့်ကွက်ဆန္ဒပြပွဲတစ်ခု ဖြစ်ပွားခဲ့ပြီး သွေးထိုးလှုံ့ဆော်သည်ဟု စွပ်စွဲခံရသူများကို ထောင်ပင်မဆောင်အတွင်းသို့ ခေါ်ဆောင်ကာ ရိုက်နှက်နှိပ်စက်ခဲ့ကြသည်။ သူတို့သည် မျက်နှာကို လက်သီးဖြင့် ထိုးခြင်း၊ ရင်ဘတ်နံရိုးများကို ကန်ကြောက်ခြင်း၊ ထို့နောက် အရေပြားများ စုတ်ပြတ်သွားသည် အထိ ဝိုင်ယာကြေးနန်းကြိုးများဖြင့် ရိုက်နှက်ခြင်းများ ခံခဲ့ရသည်။ ညှဉ်းပန်းနှိပ်စက်ပြီးနောက်တွင် တစ်ဦးမှာ မတ်တပ်မရပ်နိုင်တော့ဘဲ အကျဉ်းထောင်တွင်းရှိ ပြစ်ဒဏ်တိုက်သို့ ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ ထို့နောက် ဆန္ဒပြပွဲနှင့်သက်ဆိုင်၍ စွဲချက်များအပေါ် အပြစ်ရှိကြောင်း ဝန်ခံချက်တစ်ခုကို လက်မှတ်ရေးထိုးစေခဲ့သည်။ နာရီအနည်းငယ်ကြာပြီးနောက် ထိုဝန်ခံချက်သည် တရားမဝင်ကြောင်း သူက ပြန်လည် ပြောဆိုရာတွင် ထပ်မံရိုက်နှက်နှိပ်စက်ခံရသည်။
    - ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့တွင် စစ်တပ်ဆန့်ကျင်ရေးကြွေးကြော်သံများ အင်းစိန်သီးသန့်ထောင်အတွင်းက ထွက်ပေါ်လာပြီး ထောင်အုတ်ရိုးများကို ဖြတ်ကျော်ကာ ကူးစက်ပျံ့နှံ့သွားခဲ့သည်။ ထိုကန့်ကွက်ဆန္ဒပြမှု ဖြစ်ပွားရသည့် အကြောင်းရင်းမှာ အမျိုးသမီးဆောင်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကြောင့် ဖြစ်ပြီး အထူးသဖြင့် COVID-19 ကူးစက်ပျံ့နှံ့နေခြင်းနှင့် မည်သည့်ဆေးဝါးကိုမျှ မရရှိခြင်းတို့ကြောင့် ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စု

လက်ပါးစေများ လျှင်မြန်စွာရောက်လာပြီး ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွင်းခဲ့ကာ လူပေါင်း ၂၀ ကျော်ကိုလည်း တိုက်ပိတ်ခဲ့ကြသည်။

- အကြမ်းဖက်စီးနင်းဖြိုခွင်းမှု နောက်ထပ်ဖြစ်စဉ်တစ်ခုမှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဝေယံဖြိုးမိုး နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ကျောင်းသားထုအခွင့်အရေး တာဝန်ခံ လေပြေစိုးမိုး တို့အပါအဝင် အကျဉ်းသား ၈၉ ဦးတို့သည် သူတို့၏ အကျဉ်းခန်းများထဲမှ ဆွဲထုတ်ခံရပြီး အိပ်ဆောင်ရှေ့တွင် ရိုက်နှက်နှိပ်စက်ခြင်း ခံခဲ့ရသည်။ သတင်းများအရ သူတို့ သည် အင်းစိန်ထောင်မကြီးသို့ ထပ်မံခေါ်ဆောင်ခံရပြီး ထောင်အာဏာပိုင်များ၏ သတ္တုပိုက်များ၊ ရာဘာတုတ်များနှင့် လောက်လေးခွများဖြင့် ခြေကုန်လက်ပန်းကျသည်အထိ မရပ်မနား ရိုက်နှက် နှိပ်စက်ခြင်းကို ခံခဲ့ရသည်။ ကျောင်းသား ၁၀ ဦး သတိလစ်မေ့မြောသွားကြပြီး သူတို့၏အရေပြား များလည်း စုတ်ပြဲသွားခဲ့သည်။ ထို့နောက် သူတို့၏ ဒဏ်ရာများကို ဖုံးကွယ်ရန်အတွက် ထောင်အာဏာပိုင်များက တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေးဝတ်စုံ (PPE) ကို ဝတ်ဆင်ပေး ခဲ့ပြီး ဆေးကုသပေးရန်လည်း ငြင်းပယ်ခဲ့ကြသည်။ ထို့နောက် ၈၉ ဦးလုံး တိုက်ပိတ်ခံရသည်။
- ၂၀၂၁ ခုနှစ် မတ်လတွင် ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆို ခံရသော အရပ်သားတစ်ဦးဖြစ်သူ ကိုအောင်အောင်လည်း ထိုဆန္ဒပြမှုတွင်ပါဝင်ခဲ့ပြီး သီးသန့် ထောင်တွင် တိုက်ပိတ်ခံရစဉ်အတွင်း ညစဉ်ရိုက်နှက်နှိပ်စက်ခံရသည်။ ရရှိခဲ့သည့် ဒဏ်ရာများကို ဆေးကုသပေးရန် တောင်းဆိုခဲ့သော်လည်း ဆေးကုသခွင့်မရဘဲ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် သေဆုံးခဲ့သည်။ ထောင်မှူးများက သူသေဆုံးမှုသည် တီဘီရောဂါကြောင့် သေဆုံး ခြင်းဖြစ်ကြောင်း လိမ်လည်တင်ပြသည်။ သို့သော် သူ့တွင် တီဘီရောဂါဖြစ်ပွားကြောင်း ဆေးမှတ်တမ်း မရှိပါ။

- <u>မုံရွာအကျဉ်းထောင်</u>
  - မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့တွင် မေတ္တာသုတ်စုပေါင်းရွတ်ဖတ်ပူဇော်ကြသော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ အကျဉ်းထောင်အတွင်းက နိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်များက ရိုက်နှက် နှိပ်စက်ခဲ့ကြသည်။
- <u>ပုသိမ်အကျဉ်းထောင်</u>
  - ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသား ၅ ဦးသည် “ပြန်လည်စုရုံး ၂ ခြောက်လုံး” ကြွေးကြော်သံကို ဟစ်ကြွေးခဲ့ကြပြီးနောက် ရက်စက်စွာရိုက်နှက် နှိပ်စက်ခံရပြီး တိုက်ပိတ်ခံခဲ့ရသည်။

- <u>ကလေး(မြို့)အကျဉ်းထောင်</u>

    - ၂၀၂၂ ခုနှစ် မတ်လ ၁၅ ရက်နေ့ ညနေပိုင်း ၄ နာရီခန့်တွင် အကျဉ်းထောင်တွင်း ရုန်းရင်းဆန်ခတ်မှုတစ်ခုကို ရက်စက်စွာစီးနင်းမှုတွင် အကျဉ်းသား ၇ ဦး ပစ်သတ်ခံခဲ့ရပြီး အနည်းဆုံး အခြားအကျဉ်းသား ၃၀ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။ စစ်အာဏာရှင်၏ အကျဉ်းထောင်အာဏာပိုင်များနှင့် အကြမ်းဖက်စစ်အုပ်စုလက်ပါးစေများက လက်နက်မဲ့ အကျဉ်းသားများအပေါ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည်။ ဒဏ်ရာရရှိထားသော အကျဉ်းသားများအနေဖြင့် လုံလောက်၍ လူသားဆန်သော ဆေးကုသမှု ရရှိခြင်း ရှိ/မရှိနှင့်ပတ်သက်၍ အလွန်စိုးရိမ်ပူပန်စရာ အခြေအနေတွင်ရှိနေသည်။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အာဏာလုစစ်အုပ်စု၏ ထုတ်ပြန်ကြေညာချက်တွင် ကိုယ်ခန္ဓာအောက်ပိုင်းကို ပစ်ခတ်ခဲ့ပြီး လူ ၇ ဦးသေဆုံးသွားကြောင်း ထုတ်ပြန်ခဲ့သော်လည်း ဓာတ်ပုံများတွင် ဦးခေါင်းနှင့် ခန္ဓာကိုယ် အထက်ပိုင်းကို ပစ်ခတ်ခံခဲ့ရကြောင်း ပြသနေသည်။

**အဓမ္မအလုပ်ခိုင်းစေမှု**

အကျဉ်းထောင်အသီးသီးတွင် အဓမ္မအလုပ်ခိုင်းစေမှုဖြစ်စဉ် အများအပြားဖြစ်ပွားနေကြောင်း သတင်းပေးပို့ကြသည်။ အကယ်၍ အကျဉ်းသားများသည် စည်းကမ်းတစ်ခုကို ဖောက်ဖျက်သည်ဟု ထင်မြင်သည့်အခါ သို့မဟုတ် ကျေနပ်လောက်သော လာဘ်ငွေမပေးနိုင်သည့်အခါများတွင် သိက္ခာချအရှက်ခွဲသည့် အလုပ်များကို တာဝန်ပေး လုပ်ကိုင်စေသည်။ အဓမ္မအလုပ်ခိုင်းစေမှုကို အကျဉ်းထောင်တွင်း ဆန္ဒပြပွဲများ ဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်သည်ဟု စွပ်စွဲခံရသူများအား အပြစ်ပေးသည့် ပုံစံတစ်ခုအဖြစ်လည်း အသုံးပြုကြသည်။ အင်းစိန်ထောင်တွင်း ဩဂုတ် ၈ ဆန္ဒပြပွဲအပြီး သွေးထိုးလှုံ့ဆော်သည်ဟု စွပ်စွဲခံရသူများကို မိလ္လာကျင်းများတွင် အဓမ္မအလုပ်လုပ်စေခဲ့သည်။

မြိတ်အကျဉ်းထောင်တွင် မျက်တောင်တုများထုတ်လုပ်ရန် အကျဉ်းသားများကို အမိန့်ပေး စေခိုင်းခဲ့သည်။ ထိုလုပ်ငန်းသည် အလွန်မြင့်မားသော အာရုံစူးစိုက်မှု လိုအပ်သောကြောင့် အမြင်အာရုံချို့ယွင်းစေနိုင်သည့်အပြင် မနက် ၈ နာရီမှ ညနေ ၃ နာရီ ၃၀ မိနစ်အထိ အချိန်ကြာမြင့်စွာထိုင်၍ ဆက်တိုက်အလုပ်လုပ်ရပြီး ရပ်နားချိန် ၃၀ မိနစ်သာ ရရှိသောကြောင့် ကိုယ်ခန္ဓာထိခိုက်နိုင်သည့်အတွက် မည်သည့်အကျဉ်းသားကမှ လုပ်ကိုင်လိုခြင်းမရှိကြပါ။ ထောင်ဝန်ထမ်းများကို လာဘ်ငွေ ၁၅၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၈၅) အထိ ပေးပြီး မျက်တောင်တု ထုတ်လုပ်သည့်အလုပ်ကို အဓမ္မခိုင်းစေခံရခြင်းမှ ရှောင်လွဲနိုင်ပါသည်။ ဖြစ်စဉ် တစ်ခုတွင် အကျဉ်းသားတစ်ဦးသည် အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း မခံရရန် လာဘ်ငွေမပေးနိုင်သောကြောင့် ကြံရာမရဖြစ်ကာ သူ၏ လက်နှင့် ခြေထောက် ကျိုးအောင် ဒုတိယအထပ်မှ ခုန်ချခဲ့သည်။

## နိဂုံး

မြန်မာနိုင်ငံတဝှမ်း အကျဉ်းထောင် ၄၈ ခုရှိပြီး ထိုအကျဉ်းထောင်အများစုတွင် နိုင်ငံရေးအကျဉ်းသားများကို ထိန်းသိမ်းထားပါသည်။ AAPP ၏ ထုတ်ပြန်ထားသော မှတ်တမ်းများ၊ နိုင်ငံအနှံ့ ကွန်ရက်များနှင့် လျှို့ဝှက် သက်သေခံထွက်ဆိုချက်များအရ အကျဉ်းထောင်အာဏာပိုင်များသည် လာဘ်ပေးလာဘ်ယူခြင်းကို နေသားကျကျင့်သားရနေခြင်းနှင့် တရားမျှတမှု ကင်းမဲ့ခြင်းက အကျဉ်းထောင်အုပ်ချုပ်ရေးယန္တရားကို ယခင်ကာလများထက် ပိုမို၍ ဆိုးရွားရက်စက်လာစေခဲ့ကြောင်း မိမိတို့ လေ့လာသိရှိထားပါသည်။ လူများ ပြွတ်သိပ်ပြည့်ကျပ်ခြင်း၊ အကျင့်ပျက်ချစားခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်း ညှဉ်းပန်း နှိပ်စက်မှုများက မြန်မာနိုင်ငံတွင်း အကျဉ်းသားတစ်ဦးစီတိုင်း၏ အသက်အန္တရာယ်ကို ပြင်းထန်စွာ ခြိမ်းခြောက်လျက်ရှိသည်။

အကျဉ်းထောင်များကို ဝင်ရောက်လေ့လာရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC) အဖွဲ့အစည်းတစ်ခုတည်းကိုသာ အကြမ်းဖက်စစ်အုပ်စုက အကန့်အသတ်ဖြင့် ခွင့်ပြုထားသည်။ MNHRC သည် သူ၏လုပ်ပိုင်ခွင့်များရှိနေလင့်ကစား စစ်အာဏာလုချိန်မှစ၍ ညှဉ်းပန်းနှိပ်စက်မှုပြည့်နေသော အကျဉ်းထောင်များအတွင်းက အချက်အလက်အမှန်တရားများကို ဖုံးကွယ်ရန် ကြိုးပမ်းနေသည်။ ထိုနည်းတူ စစ်ကြောမေးမြန်းသူများနှင့် ပူးပေါင်းဆောင်ရွက်နေသော ပြစ်ဒဏ်ကျခံနေသည့် ရာဇဝတ် အကျဉ်းသား များကိုလည်း နိုင်ငံရေးအကျဉ်းသားများအပေါ် ၎င်းတို့ လိုချင်သည့်အချိန်တိုင်း နှောင့်ယှက်ရန်နှင့် ကိုယ်ထိ လက်ရောက်ကျူးလွန်ရန် ခွင့်ပြုထားသည်။ လာဘ်ပေးခြင်းကသာ အကျဉ်းထောင်ဝန်ထမ်းများနှင့် ရာဇဝတ်သားများ၏ လူမဆန်သော အပြုအမူများကို တားဆီးနိုင်ပြီး လာဘ်မပေးနိုင်သူများအား အပြစ် ပေးရန် ပုံစံပေးနှိပ်စက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို အသုံးပြုကြသည်။

စစ်အာဏာရှင်သည် နိုင်ငံအတွင်း အာဏာရယူရန် ကြိုးပမ်းရာတွင် ပိုမို၍ ရမ်းကားရက်စက်လာသည်။ ဤအကျဉ်းချုပ်စာစောင်တွင် သက်သေသာဓကဖြင့် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံရေးအကျဉ်းသားများသည် နဂိုရှိရင်း ရောဂါများ သို့မဟုတ် စစ်ကြောရေးမှ ရရှိလာသော ဒဏ်ရာများကို ကုသရန် လုံလောက်သော ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ငြင်းဆန်ခံနေရသည်။ အကျဉ်းသားများသည် စာဖတ်ခွင့်၊ မိသားစုများနှင့် အကန့်အသတ်ဖြင့် စာဆက်သွယ်ခွင့်တို့ ရရှိကြသော်လည်း ထောင်ဝင်စာတွေ့ဆုံခွင့်ကို ယနေ့ချိန်ထိ တားမြစ်ပိတ်ပင်ခံနေရသည်။

မြန်မာနိုင်ငံတွင် တရားစီရင်ရေးမဏ္ဍိုင်လည်း ဆက်လက်မလည်ပတ်တော့ပါ။ မတရားအာဏာလုစစ်အုပ်စု အနေဖြင့် ၎င်းတို့အားဆန့်ကျင်သူများကို ကျယ်ပြန့်သော ဖိနှိပ်မှုအစီအစဉ်များ အတွက် ပြစ်မှုဆိုင်ရာ ဥပဒေများ၊ တရားရေးအဖွဲ့အစည်းများနှင့် အကျဉ်းထောင်များကို အသုံးချနေကြသည်။ အကျဉ်းထောင်များ အတွင်း "နိုင်ငံရေးအကျဉ်းသားများ ရှိနေသရွေ့ အမျိုးသားပြန်လည်သင့်မြတ်ရေး မဖြစ်နိုင်" ဟု AAPP က အစဉ်မပြတ် ခံယူထားပါသည်။ ဖက်ဒရယ် ဒီမိုကရေစီသို့ လျှောက်လှမ်းရာတွင် နိုင်ငံရေးအကျဉ်းသားများ

အားလုံးကို ချွင်းချက်မရှိ ချက်ချင်း လွှတ်ပေးရန် လိုအပ်သည်။ ထို့ကြောင့် အကြမ်းဖက်စစ်အုပ်စု တရားဝင်မှု ကို မည်သည့်နည်းနှင့်မျှမပေးဘဲ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက် ခံခဲ့ရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရေး အကြမ်းဖက်စစ်အုပ်စုအပေါ် လုံလောက်ထိရောက်သော ဖိအားပေးပါရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား မိမိတို့အနေဖြင့် ထပ်မံ၍ တိုက်တွန်းလိုက်ပါသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း